# လာကပုံကျေးရွာ

# တွံတေးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လာကပုံကျေးရွာ၊ တွံတေးမြို့

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | လာကပုံကျေးရွာ သယံဇာတပြမြေပုံ၊ တွံတေးမြို့နယ် | ၅ |
| | အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၇ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၇ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၇ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | ပညာရေး | ၁၀ |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | ၁၀ |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ |
| ၉။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၁ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၂ |
| | အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၄ |
| | စီမံချက် အဆိုပြုလွှာ (၂) | ၁၆ |
| | စီမံချက် အဆိုပြုလွှာ (၃) | ၁၈ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၂၀ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၁ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၇ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏လူထုအများစုပေါင်းပါဝင် ရေးဆွဲထား သည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထား ပါသည်။

**စက်တင်ဘာ၊ ၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**လာကပုံကျေးရွာ**

**တွံတေးမြို့နယ်**

## လာကပုံကျေးရွာ သယံဇာတပြမြေပုံ၊ တွံတေးမြို့နယ်



# အပိုင်း (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လာကပုံကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၏ ကျိုက်သလဲကျေးရွာအုပ်စုတွင်ပါဝင်ပြီး တွံတေး-ဒလ-ကော့မှူး-ကွမ်းခြံကုန်းကားလမ်းဘေးတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းများနှင့်ရေကျော်စုကျေးရွာ၊ အနောက်ဘက်တွင် ဝါးတောနှင့်သစ်တောများ၊ မြောက်ဘက်တွင် ပေါက်တောကျေးရွာ နှင့် တောင်ဘက်တွင် ကျိုက်သလဲကျေးရွာ စသည်တို့ဖြင့်ဆက်စပ်လျှက်တည်ရှိနေပါသည်။ ကျေးရွာတွင် ဗမာ တိုင်းရင်းသားများနေထိုင်ကြပါသည်။ ကျေးရွာသည်တွံတေး-ဒလ-ကော့မှူး-ကွမ်းခြံကုန်းကားလမ်းဘေးတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်းယက်ခြင်းနှင့်ခြင်းယက်လုပ်ခြင်း လုပ်ငန်းဖြစ်ပြီး၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ ဈေးရောင်း၊ ပန်းရံလက်သမား၊စက်ချုပ်နှင့်ကျပန်း လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာသည် နွေရာသီတွင် အလုပ်အကိုင်ပေါများသောကျေးရွာဖြစ်ပြီး ရိုးရာလက် မှု တောင်း၊ခြင်းလုပ်ငန်းတို့သည် အောက်တိုဘာလမှဧပြီလအထိ အထူးကောင်းမွန်ပါသည်။ ကျေးရွာသည် ကားလမ်းတွင် တည်ရှိသည့်အတွက် စီးပွားရေးမှာလည်း အတော်အသင့် အဆင်ပြေပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လယ်မြေ၊ တောင်ယာမြေနှင့်ဥယျာဉ်ခြံမြေ အသင့်အတင့်ရှိကြပြီး မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပြီး စပါး၊ကွမ်းနှင့်ရာသီပေါ်သီးနှံများစိုက်ပျိုးပါသည်။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် စိုက်ပျိုးရေ ရနိုင်သည့် အဓိက ပင်ရင်း ဖြစ်သည့် ကဘင်းမြောင်းရှိသလို ကိုယ်ပိုင်စက်ရေတွင်းများ ရှိသည့်အတွက် စိုက်ပျိုးရေးလုပ်ကိုင်သူများမှာ စက်ရေတွင်း၊ မြောင်းရေဖြင့် လည်ပတ်နိုင်ပြီး ကျေးရွာရှိ မြေနေရာများတွင် စိုက်ပျိုးရေး လုပ်ငန်းအားလုပ်ကိုင်ကြပါသည်။ ကျေးရွာသည် ရေမြေကောင်းမွန်သည့်အတွက် ရေသန့်စက်ရုံများလည်းရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၅ဦး)၊ ရပ်မိရပ်ဖအဖွဲ့ (ကျား-၅ဦး) ၊ အမျိုးသမီးအဖွဲ့ (မ-၁၅ဦး)၊ ဖွံ့ဖြိုးရေးအဖွဲ့ (ကျား-၅/မ-၄=၉ဦး)၊ နာရေးအဖွဲ့ (ကျား-၁၃ဦး)၊ လူငယ်အဖွဲ့ (ကျား-၂၀/မ -၂၀=၄၀ဦး)၊ စက်ချုပ်သမအဖွဲ့ (မ-၂၀ဦး)၊ ကျေးရွာမီးလင်းရေးအဖွဲ့(ကျား-၁၅ဦး)၊ ဓမ္မဝိဟာရလူမှုကယ်ဆယ်ရေးအဖွဲ့(ကျား-၁၅/မ-၃=၁၈ဦး)၊ လယ်သမားအဖွဲ့(ကျား-၁၅ဦး)၊ ဂေါပကအဖွဲ့(ကျား-၉/မ-၂=၁၁ဦး)၊ မိဘဆရာအဖွဲ့(ကျား-၉/မ-၂=၁၁ဦး)၊ တို့မှကျေးရွာ၏ ပညာရေး၊ ကျန်း မာရေး၊ ဘာသာရေး၊ သာရေး နာရေး၊ လူမှုဖွံ့ဖြိုး ရေး လုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြ ပါသည်။ ကျေးရွာတွင် ကျန်းမာရေးအဖွဲ့ သီးသန့် မရှိသော်လည်း ကျေးရွာရှိ ကျန်းမာရေး၊ လူမှု ရေးလုပ်ငန်းများအား ပူးပေါင်းပါဝင် ဆောင်ရွက်လျှက် ရှိပါသည်။ ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ ဆရာမ များနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက် လာစေရေးအတွက် လုပ်ဆောင် လျှက် ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း လာကပုံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများအနေဖြင့် စိုက်ဘဏ်၊ သမနှင့် ၊ ငွေချေးအဖွဲ့များဖြစ်သည့် KB၊ IKBC၊ BNK၊ ပက်စ်မြန်မာ အဖွဲ့ (၆)ဖွဲ့ ရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ပသီအရှေ့ကျေးရွာတွင် ၂.၅ ကေအောက် ဆင်းရဲသားတောင်သူ (၂၈)အိမ်ထောင်စု၊ ၂.၅ ကေမှ ၅ ကေကြား တောင်သူငယ် (၄)အိမ်ထောင်စု၊ ၅ ကေမှ၁၂.၅ ကေကြား တောင်သူလတ် (၃၂) အိမ်ထောင်စု၊ ၁၂.၅ ကေအထက် တောင်သူလတ် (၇) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် ကွမ်း၊စပါးနှင့်ရာသီပေါ်သီးနှံများကို အားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စု(၅၈၉)စုရှိပြီး အများစုသည် တောင်း၊ခြင်းယက်ခြင်း၊ပန်းရံ၊ လက်သမား၊ စက်ချုပ်၊ ကျပန်း၊ ပို့ဆောင်ရေးနှင့်ဈေးရောင်း လုပ်ငန်း များတွင် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မြောင်းရေနှင့်စက်ရေတွင်းကိုသာ အဓိကအားထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးအထွက်နှုန်းမှာတစ်ကေပျမ်းမျှ(၃၅)တင်းရှိပါသည်။ ကျေးရွာအတွင်းတွင် တစ်ဦးချင်းပိုင် ထွန်စက်(၁၇)ခု၊ လက်တွန်း ထွန်စက်(၂၀)ခု၊ ရိတ်သိမ်းခြွေလှေ့စက်(၂)ခု၊ ရိတ်သိမ်းစက်(၁)ခု၊ ခြွေလှေ့စက်(၃)ခု၊ ရေစုပ်စက်(၂)ခု ရှိပါသည်။ တောင်သူအများစုမှာ စက်ကိရိယာများကို ငှားရမ်းလုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊အော်ဂဲနစ်မြေဩဇာနှင့်သွင်းအားစုများ၊ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း သွားလာရေးလွယ်သဖြင့် လွယ်ကူစွာဝယ်ယူ၍ရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများ မှတဆင့်ရောင်းချနိုင်ကြပါသည်။ ခေတ်ကာလအရ ကုန်ဈေးနှုန်းနှင့် ဈေးကွက်ကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အဆင်ပြေသောအိမ်ထောင်စု နည်းပါးပါသည်။

စပါး၊ ကွမ်းနှင့်ရာသီပေါ်သီးနှံများ စိုက်ပျိုးရာတွင် ဖျက်ပိုး အနည်းငယ် ကျရောက်ပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်ထောင်စု(၈)အိမ်မှနွား(၃၂)ကောင်အိမ်ထောင်စု(၃)အိမ်မှနို့စားနွား(၉) ကောင်၊ အိမ်ထောင်စု(၂)အိမ်မှ ဆိတ်(၁၃)ကောင်၊ အိမ်ထောင်စု(၂)အိမ်မှ သိုး(၁၃)ကောင်၊ အိမ်ထောင်စု(၁၀)အိမ်မှဝက်(၁၇)ကောင်အားတစ်ပိုင်တစ်နိုင်သာမွေးမြူကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့်ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့်ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာရှိ အိမ်ထောင်စုများသည် တောင်းယက်ခြင်းနှင့်ခြင်းယက်လုပ်ခြင်း၊ ပို့ဆောင်ရေး၊ စျေးရောင်း၊ ပန်းရံလက်သမား၊စက်ချုပ်နှင့်ကျပန်း လုပ်ငန်းစသည့်ဖြင့် အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးမှုလုပ်ကိုင်နေကြသောမိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများမရှိခြင်း၊ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သောအတတ်ပညာများကျွမ်းကျင်စွာ တတ်မြောက်မှု မရှိသော်လည်း ရပ်ရွာတွင်အလုပ်အကိုင်ပေါများကာ အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ရခြင်းသောပြီး လုပ်ခလစာနည်းပါးပြီးစားဝတ်နေရေးအဆင်မပြေမှုကြောင့်အလုပ်အခြားအရပ်ဒေသများတွင် သွားရောက်လုပ်ကိုင်ကြကြောင်း တွေ့ရှိပါသည်။ စျေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများနှင့်စိုက်ပျိုး၊မွေးမြူရေး မဟုတ်သောအသက်မွေးမှုလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အစုအဖွဲ့ ချေးငွေများ ရရှိသော်လည်း အရင်းအနှီး နည်းသဖြင့် စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ထို့ကြောင့် ယခုထက်အတိုး နှုန်းသက်သာသော ကာလရှည် ချေးငွေများ ရရှိရန် လိုလားကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် ပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်လှေ(၄)စီး၊ စက်ဘီး (၂၉) စီး၊ မော်တော်ဆိုင်ကယ် (၂၃၅) စီး၊ သုံးဘီးဆိုင်ကယ် (၁၁) စီး၊ ထော်လာဂျီ(၁၉)စီး၊ ကား(၂၅)စီးစသည်ဖြင့် ရေလမ်း၊ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြု နေကြပါသည်။

ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်းနှင့်မြေသားလမ်းများရှိပါသည်။ ကျေးရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်း၊ မြေသားလမ်းဖြစ်ပြီး မြေသားလမ်းများမှာပျက်စီးနေကာ၊ ကျေးရွာချင်းဆက်လမ်းမှာတွံတေး-ဒလ-ကော့မှူး-ကွမ်းခြံကုန်းကားလမ်း နှင့်မြေသားလမ်း၊ ကွန်ကရစ်လမ်းများဖြစ်ပါသည်။ မြေသားလမ်းများသည် မိုးတွင်းကာလများတွင်လမ်းများပေါ် သို့ ရေတင်ပြီး ဗွက်များ၊ ချိုင့်များ ဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

ကျေးရွာတွင်းတွင် တံတားများမရှိဘဲ၊ ကျေးရွာချင်းဆက် လမ်းမကြီးပေါ်ရှိ တံတားများမှာ ကားများနှင့်မော်တော်ဆိုင်ကယ်ယာဉ်များ ဖြတ်သန်းနေကြပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီးဖြစ်သော်လည်း ကျေးရွာရှိ အိမ်ခြေတစ်ဝက်လောက်သာ မီးရရှိထားပြီး ကျန်အိမ်ထောင်စုများမှာ ဆိုလာစနစ်၊ အခြားနည်းစနစ်များ ဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများဖြစ်ကြပြီး တစ်ရွာလုံးလျှပ်စစ်မီးလင်းနိုင်ရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီဆောင်ရွက်ပေးလျှက်ရှိပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

လာကပုံကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကိုဖုန်း (၇၈၃) လုံး၊ ရေဒီယို (၆) လုံး၊ တီဗွီ (၄၈၀) လုံး နှင့် စလောင်း(၁၇)လုံးတို့မှ ရရှိသဖြင့် ကျေးရွာတွင်း ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲ များ အထူးတလည် မရှိပေ။

## ၆။ ပညာရေး

ကျေးရွာပိုင် အခြေခံပညာမူလွန်ကျောင်းတွင် ကလေးများပညာသင်ကြားနိုင်ပြီး အထက်တန်းအဆင့်များကို ရွာနီးစပ်ဖြစ်သော ဘုရားကြီးကျေးရွာနှင့်ကံဘဲ့ကျေးရွာတို့တွင် ဆက်လက်ပညာသင်ယူနိုင်ကြပါသည်။ မူလွန်ကျောင်းတွင် ကျောင်းဆောင်(၃)ခုသာ ပါရှိပြီး ကျောင်းသား / ကျောင်းသူများ ပညာသင်ကြားနေသည့်အတွက် ကျောင်းဆောင်သစ်တစ်ဆောင် လိုအပ်နေပါသည်။ ထို့ပြင် ကျောင်းအားကစားကွင်းမရှိခြင်း၊ ကျောင်းသုံးပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများလည်း လုံလောက်မှု မရှိပါ။ ကျောင်းအိမ်သာများလည်းလုံလောက်မှုမရှိပါ။

ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့် ဆရာ၊ဆရာမ (၁၃) ဦး ရှိသော်လည်း ကျောင်းသားဦးရေများပြားသည့်အတွက် သင်ကြားရေးအပိုင်းတွင်အခက်အခဲရှိနေပါသည်။ ကျေးရွာတွင် စာမတတ်သည့် လူဦး ရေ မှာ (၁.၁၇%)၊ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၄၉.၆၀%) အထိများပြားခြင်း ၊ အလယ်တန်းအဆင့်စာတတ်မြောက်သူများမှာ (၃၂.၇၀%) ၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ(၁၂.၇၃%) နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၃.၈၀%) ရှိခြင်းတို့ကြောင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအား အရင်းအမြစ် ကောင်းများ ဖြစ်ကြ ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှာယခုနှစ်မှတည်ဆောက်နေသော်လည်း ယခင်နှစ်များတွင် တာဝန်ကျဆရာမများမှလိုအပ်သည့်ကာကွယ်ဆေးများအား နှစ်စဉ်နှစ်တိုင်းထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာ ရှိ ကလေး သူငယ်များအား ဂျပန်ဦးနှောက်ရောင်

ကာကွယ်ဆေး ထိုးနှံ ပေးခဲ့ ပါသည်။ တွံတေးဆေးရုံနှင့်(၁၀)မိုင်ခန့်သာကွာဝေးသော်လည်း လမ်းကောင်းခြင်းနှင့်လူမှုကူညီရေးအသင်းရှိသည့်အတွက် အရေးပေါ် အခြေ အနေများတွင် အလွယ်တကူ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ မရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို စက်ရေတွင်း၊ လက်ငင်တွင်းနှင့်ရေသန့်စက်ရုံများမှ ရေဘူးများဖြင့်သာ အဓိကထား အသုံးပြုကြပါသည်။ ကျေးရွာတွင် နွေ၊ မိုးနှင့် ဆောင်းရာသီတွင် ရေလုံလောက်မှုရှိပါသည်။ သို့သော်လည်း ကျေးရွာ၏ မြောက်ဘက် ကုန်းမြင့်တွင် နေထိုင်သော အိမ်ထောင်စုအနည်းငယ်မှာ သောက်ရေအခက်အခဲဖြစ်ပေါ်နေပါသည်။ ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို အိမ်ထောင်စု အများစုမှအသုံးပြုကြပြီး အိမ်ထောင်စုအနည်းငယ်မှာ ဆွေးမျိုးနီးစပ်တော်သူ၊ အိမ်နီးနားချင်း အိမ်များတွင် ကပ်၍ အသုံးပြုကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လာကပုံကျေးရွာတွင် တောင်းယက်ခြင်း၊ ခြင်းယက်လုပ်ခြင်း၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ ဈေးရောင်း၊ ပန်းရံ၊ လက်သမား၊ စက်ချုပ် နှင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုအများစုရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက လမ်းပန်းဆက်သွယ်ရေးကောင်းသည့်အတွက် တစ်ရွာလုံးရှိ အိမ်ထောင်စုများ သည် တခြားရွာများ ထက်ပို၍ ထိခိုက်ခံစားရမှု သက်သာပါသည်။

ကျေးရွာတွင် သဘာဝဆေးဖက်ဝင်အပင် အနည်းငယ်ရှိပြီး သဘာဝ တိရစ္ဆာန်မျိုးစိတ်များ မရှိပါ။ မိုးရာသီတွင်ရောဂါအသေးစားများဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သောရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

လာကပုံကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင်အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင် ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ အတွက် ဥပဒေလမ်းကြောင်းနှင့်တရားမျှတမှု ဆိုင်ရာများတွင် ကျေးရွာမှ အသိပညာများ သိရှိမှု ရှိကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည်-ကျိုက်သလဲ | | | ကျေးရွာအမည်-လာကပုံ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | ဆိုလိုချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ် | |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | တိုက်နယ်ဆေးရုံအဝင်လမ်းကွန်ကရစ်ခင်းရန်။ | |
| ၂ | အခြေခံအဆောက်အဦ | သောက်သုံးရေ | မြောက်ပိုင်းစက်ရေတွင်း(တွင်းတိမ်)တူးဖော်ပေးရန်။ | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ဦးစံကျော်လမ်းကွန်ကရစ်ခင်းရန်။ | |
| ၄ | အခြေခံအဆောက်အဦ | သန့်ရှင်းသောဈေး | သန့်ရှင်းသောဈေးဆောက်လုပ်ရန်။ | |
| ၅ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန်။ | |
| ၆ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ကျေးရွာတိုးချဲ့မြေကွက်တွင်စက်ရေတွင်း(တွင်းတိမ်)တူးဖော်ပေးရန်။ | |
| ၇ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာတောင်ပိုင်းလမ်းကွန်ကရစ်ခင်းရန်။ | |
| ၈ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | အောက်ကျင်းလမ်းကွန်ကရစ်ခင်းရန်။ | |
| ၉ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | အားသစ်ရပ်ကွက်လမ်းကွန်ကရစ်ခင်းရန်။ | |
| ၁၀ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကိုကျော်မြင့်လမ်းကွန်ကရစ်ခင်းရန်။ | |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ဦးမြလှိုင်လမ်းကွန်ကရစ်ခင်းရန်။ | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

| | |
|---|---|
| ကျေးရွာ | - လာကပုံကျေးရွာ |
| ကျေးရွာအုပ်စု | - ကျိုက်သလဲကျေးရွာအုပ်စု |
| မြို့နယ် | - တွံတေးမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - ရန်ကုန်တိုင်းဒေသကြီး |

**စီမံချက်အမည်** - တိုက်နယ်ဆေးရုံအဝင်လမ်းကွန်ကရစ်ခင်းရန်။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- လာကပုံကျေးရွာ၊ ရွာတွင်းလမ်းများသည် ယခုလက်ရှိတွင် အချို့မှာမြေသားလမ်းဖြစ်ပြီး ပျက်စီးနေပါသည်။ ယခုလမ်းသည် ဆောက်လုပ်ဆဲတိုက်နယ်ဆေးရုံသို့ဝင်ရမယ့်အဓိကလမ်းဖြစ်ပါသည်။
- မြေသားလမ်းဖြစ်သည့်အတွက် မိုးတွင်းကာလတွင် စက်ဘီး၊ ဆိုင်ကယ်များ မကြာခဏ မှောက်သလို၊ အရေးပေါ်ကားများဝင်ထွက်ရန် ခက်ခဲနေပါသည်။
- ကျေးရွာ ၏လမ်း မကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ် ပေါ်နေပါ သည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။ ဆေးခန်းသို့သွားလာရလွယ်ကူစေရန်။
- ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။
- ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။
- ရောဂါသည်များ၊ လူနာများ၊ အရေးပေါ်ကားများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။
- လမ်းကောင်းမွန်လာသောကြောင့် ဆေးခန်းသို့လာသည့် ကားများ အလွယ်တကူဝင်ထွက်လာနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- လာကပုံကျေးရွာ၊ တိုက်နယ်ဆေးရုံအဝင်လမ်း (အရှည်-၆၈၀ပေ၊ အကျယ်-၈ပေ၊ ထု-၆လက်မ)

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ___________ (ငွေသား) | • ကျေးရွာ |
| • ___________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **ကျေးရွာအဆင့်** | ၁၂၇၀ | ၁၃၈၉ | ၂၆၅၉ | ၃၀ | ၂၈၀ | ၂၅၀ | ၁၀၀ | ၆၆၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၁၂၇၀ | ၁၃၈၉ | ၂၆၅၉ | ၃၀ | ၂၈၀ | ၂၅၀ | ၁၀၀ | ၆၆၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ မတ်လ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကွန်ကရစ်လမ်းခင်းရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။
- ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- ကွန်ကရစ်လမ်းနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များ ထားရှိပါမည်။
- စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်းအစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)**

| | |
|---|---|
| ကျေးရွာ | – လာကပုံကျေးရွာ |
| ကျေးရွာအုပ်စု | – ကျိုက်သလဲကျေးရွာအုပ်စု |
| မြို့နယ် | – တွံတေးမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | – ရန်ကုန်တိုင်းဒေသကြီး |

**စီမံချက်အမည် –** မြောက်ပိုင်းစက်ရေတွင်း(တွင်းတိမ်)တူးဖော်ရန်။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- လာကပုံကျေးရွာ မြောက်ဘက်ကုန်းမြင့်ဖြစ်နေခြင်း။
- အိမ်ထောင်စု(၂၀၀)ခန့်သည် သောက်သုံးရေရှားပါးဒဏ်ခံနေရခြင်း။
- ကျေးရွာတွင်းနှင့်အနည်းငယ်အလှမ်းဝေးခြင်းနှင့်ကုန်ကျစရိတ်မတတ်နိုင်ခြင်း။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။
- ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။
- ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ရေသုံးစွဲမှု အဆင်ပြေလာမည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။
- ရေဝယ်သုံးစွဲရခြင်းမရှိသည့်အတွက် စီးပွားရေးပိုမိုအဆင်ပြေလာနိုင်ခြင်း။
- အိမ်ထောင်စုများအဆင်ပြေသည့်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- မြောက်ပိုင်းစက်ရေတွင်း(တွင်းတိမ်)တူးဖော်ရန်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • __________ (ငွေသား) | • ကျေးရွာ |
| • __________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၁၂၇၀ | ၁၃၈၉ | ၂၆၅၉ | ၃၀ | ၂၈၀ | ၂၅၀ | ၁၀၀ | ၆၆၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၁၂၇၀ | ၁၃၈၉ | ၂၆၅၉ | ၃၀ | ၂၈၀ | ၂၅၀ | ၁၀၀ | ၆၆၀ |

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
- ပညာရေးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ မတ်လ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- စက်ရေတွင်းတူးဖော်ရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာ ဖက် မှ ထည့်ဝင်ပါမည်။
- ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- အဆောက်အဦနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက် များ ထားရှိပါမည်။
- စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာန၊ပညာရေးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)**

| | |
|---|---|
| ကျေးရွာ | - ပသီအရှေ့ကျေးရွာ |
| ကျေးရွာအုပ်စု | - ပသီကျေးရွာအုပ်စု |
| မြို့နယ် | - တွံတေးမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - ရန်ကုန်တိုင်းဒေသကြီး |

**စီမံချက်အမည်** - ဦးစံကျော်လမ်းတိုးချဲ့ကွန်ကရစ်ခင်းရန်။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- လာကပုံကျေးရွာ၊ ဦးစံကျော်လမ်းသည် လမ်းကျဉ်းသည့်အတွက် သွားလာရခက်ခဲခြင်း။
- အရေးပေါ်အခြေအနေများတွင် ကားများဝင်ထွက်ရန် ခက်ခဲနေပါသည်။
- လမ်းကျဉ်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ်ပေါ်နေပါ သည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။ အရေးပေါ်ကားများ၊ မီးသတ်ကားများ ဝင်ထွက်နိုင်စေရန်။
- ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။
- ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။
- ရောဂါသည်များ၊ လူနာများ၊ အရေးပေါ်ကားများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။
- လမ်းကောင်းမွန်လာသောကြောင့် ကားများ အလွယ်တကူဝင်ထွက်လာနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- လာကပုံကျေးရွာ၊ ဦးလမ်းကျော်လမ်း (အရှည်-၃၀၀ပေ၊ အကျယ်-၁၀ပေ၊ ထု-၆လက်မ)

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • __________ (ငွေသား) | • ကျေးရွာ |
| • __________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၁၂၇၀ | ၁၃၈၉ | ၂၆၅၉ | ၃၀ | ၂၈၀ | ၂၅၀ | ၁၀၀ | ၆၆၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **အကျိုးခံစားမည့်သူ ဦးရေ** | ၁၂၇၀ | ၁၃၈၉ | ၂၆၅၉ | ၃၀ | ၂၈၀ | ၂၅၀ | ၁၀၀ | ၆၆၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ မတ်လ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကွန်ကရစ်လမ်းခင်းရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။
- ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- ကွန်ကရစ်လမ်းနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များ ထားရှိပါမည်။
- စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

နောက်ဆက်တွဲ (၁)

## ကျိုက်သလဲကျေးရွာအုပ်စု ၊ လာကပုံကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးစိုးဝင်း | ဦးစံ | ၁၂/တတန(နိုင်)၀၆၁၉၈၂ | - | ဥက္ကဌ | ၀၉-၇၇၇၇၇၃၈၇၀ |
| ၂။ | ဦးဇော်ဝင်း | ဦးခွေးပု | ၁၂/တတန(နိုင်)၀၆၁၈၃၃ | - | အတွင်းရေးမှူး | ၀၉-၇၉၆၂၆၀၉၇၉ |
| ၃။ | ဦးထွန်းနိုင် | ဦးကျော်မြင့် | ၁၂/တတန(နိုင်)၀၆၁၃၂၁ | - | ဘဏ္ဍာရေးမှူး | ၀၉-၇၈၂၅၈၈၀၈၁ |
| ၄။ | ဦးမင်းမင်းထွန်း | ဦးစိန်ထွန်း | ၁၂/တတန(နိုင်)၁၂၃၃၉၃ | - | စာရင်းကိုင် | ၀၉-၇၈၂၇၉၆၀၂၃ |
| ၅။ | ဦးလှနု | ဦးမြသီး | ၁၂/တတန(နိုင်)၀၆၁၄၇၃ | - | စာရင်းစစ်(၁) | - |
| ၆။ | ဒေါ်အေးအေးနိုင် | ဦးစံထူး | ၁၂/တတန(နိုင်)၀၆၀၇၉၀ | - | စာရင်းစစ်(၂) | - |
| ၇။ | ဒေါ်စန်းစန်းအေး | ဦးသာမြတ် | ၁၂/တတန(နိုင်)၁၃၁၂၇၁ | - | အဖွဲ့ဝင်(၁) | ၀၉-၇၉၉၃၁၄၃၇၄ |
| ၈။ | ဒေါ်ခင်မာလွင် | ဦးတင်ထွေး | - | - | အဖွဲ့ဝင်(၂) | - |
| ၉။ | ဒေါ်ညိုမာ | ဦးကျော်စိန် | ၁၂/တတန(နိုင်)၁၄၃၆၁၀ | - | အဖွဲ့ဝင်(၃) | - |
| | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

## (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၂ | ၂၆ | ၄၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၇၅ | ၆၃ | ၁၃၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၀၇ | ၁၁၇ | ၂၂၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၂၃ | ၁၀၅ | ၂၂၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၉၀၅ | ၁၀၁၄ | ၁၉၁၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၈ | ၆၄ | ၁၀၂ |
| **စုစုပေါင်း** | | **၁၂၇၀** | **၁၃၈၉** | **၂၆၅၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၆၆၀** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ လာကပုံကျေးရွာတွင် အိမ်ထောင်စု (၁၆၇) စု၊ လူဦးရေ (၈၆၁) ဦး ရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်(၁.၈၁%)၊၅နှစ်အောက်ကလေးအရွယ် (၅.၁၉%)၊ မူလတန်းကျောင်းသားအရွယ် (၈.၄၂%)၊ အလယ်တန်း ကျောင်းသား အရွယ် (၈.၅၇%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၂.၁၇%)၊ သက်ကြီးရွယ်ကြီး အရွယ် (၃.၈၄%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၇.၈၃%) နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၁၂၇၀) ဦး၊ မ (၁၃၈၉) ဦး စုစုပေါင်း (၂၆၅၉) ဦး ရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၇၂.၁၇ %) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက် ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

## (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၂ | ၈၇ | ၇ | မြင့်☑လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၂၁ | ၂၂ | ၁၂ | မြင့်☑လတ်☐နိမ့်☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့် ☐ လတ် ☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐ လတ် ☐နိမ့်☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့်☐ လတ် ☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၆ | - | မြင့်☐ လတ် ☐နိမ့်☑ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐ လတ် ☐နိမ့်☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၆ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၉ | ၆၀ | ၂ | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၅ | ၄၂ | ၂၄ | မြင့်☑လတ်☐နိမ့်☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၂ | ၆ | မြင့်☐လတ်☑နိမ့်☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၆ | - | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၉ | ၁ | မြင့်☐လတ်☑နိမ့်☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၉ | ၈၄ | ၃၂ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၅ | ၆၉ | ၁၃၆ | မြင့်☐လတ်☑နိမ့်☐ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၁ | ၁၃၈ | ၁၆ | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၂ | ၂၇ | ၃ | မြင့်☑လတ်☐နိမ့်☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၃ | ၄၉ | ၁၀ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၂ | ၂၂ | ၈ | မြင့်☐လတ်☑နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐ နိမ့်☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၆ | ၂၄ | မြင့်☐လတ်☑နိမ့်☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၂ | မြင့်☐လတ်☐နိမ့်☑ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၃၈ | ၁၆၉ | ၁၉ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၉ | ၂၂ | ၂၃ | မြင့်☐လတ်☐ နိမ့် ☑ |
| | စုစုပေါင်း | ၆၅၇ | ၈၄၁ | ၃၃၂ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)”** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု**“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ လာကပုံကျေးရွာတွင် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်းယက်ခြင်းနှင့်ခြင်းယက်လုပ်ခြင်း လုပ်ငန်းဖြစ်ပြီး၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ ဈေးရောင်း၊ ပန်းရံ၊လက်သမား၊စက်ချုပ်နှင့်ကျပန်းလုပ်ငန်းများလည်း လုပ် ကိုင်ကြပါသည်။

**(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၃၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | – | – | – | – |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | – | ၅၀၀၀ | – |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | – | ၇၀၀၀ | – | ၃၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | – | – | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)
(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ လာကပုံကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနား ရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အား စိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၄၆ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၀၅.၆ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၅၄.၇ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၅၀၆.၃** | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

